လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ် သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျေးရွာသည် သုံးခွမြို့နယ် သုံးခွ အောင်သာဒါန်းဆက်သွယ်ရေးလမ်းနှင့် (၂)မိုင်ခန့်အကွာ မြောက်ဘက်တွင် တည်ရှိပြီး အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ သုံးခွမြို့နှင့် (၅)မိုင်ခန့် ဝေး၍ သွားလာရေး အခက်အခဲမရှိပါ။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီအဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းသာဖြစ်သည်။ မိုးအခါစပါးစိုက်ပျိုး ဆောင်းသီးနှံအဖြစ် ပဲတီစိမ်း ကို စိုက်ပျိုးပါသည်။ ဒေသ၏ (၁)နှစ်ပျမ်းမျှမိုးရေချိန်မှာ (၈၉)မှ(၁၀၀)လက်မဝန်းကျင်တွင် ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ အတွက် အသင့်အတင့်အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိ ရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိသော်လည်း တစ်ခါတစ်ရံ မိုးလွန်မိုးများရွာသွန်းမှုကြောင့် ရိတ်သိမ်းချိန်နောက်ကျမှုရှိတတ်သည်။ စပါးအချို့ပျက်စီးမှုအနည်းငယ်ရှိတတ်သည်။ ကျေးရွာ တည်ရှိရာသည်အနီးအနားတွင် တောတောင် မြစ်ချောင်းများမရှိဘဲ မြေပြန့်အနေအထားဖြင့်သဖြင့် ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ် သည်။ လယ်ယာမြေများသည် စပါး၊ပဲတီစိမ်း၊ မတ်ပဲ စိုက်ပျိုး ရန်နှင့် အသက်မွေးဝမ်းကျောင်းပြုရန်အတွက် အတွက်အဓိကအားထားရာဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

စိုက်ပျိုးမြေ(၄၀၀)ဧကရှိပြီး မိုးစပါးအပြည့်အဝစိုက်ပျိုးနိုင်သည်။ ဆောင်းသီးနှံမတ်ပဲနှင့် ပဲတီစိမ်း(၄၀၀)ဧကစိုက်ပျိုးနိုင်သည်။ မြေဩဇာအလတ်စားအဆင့်ရှိပြီးကျွန်ုပ်တို့ကျေးရွာတွင်သာ သဘာဝသယံဇာတမထွက်ရှိပါ။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၁၂၇)စုရှိပြီးအိမ်ခြေ(၇၉)အိမ်ခြေရှိပါသည်။ကျား(၂၇၆)၊မ(၃၀၉)ဦးဖြင့်လူဦးရေပေါင်း(၅၈၅)ဦးရှိပါသည်။ ကျွန်တော်တို့ရွာတွင်၏တစ်အိမ်ထောင်လျှင်ပျမ်းမျှနှုန်း(၅)ဦးနှုန်းသာရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်နေသူများသာနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည်ကျား ( )ဦး နှင့် မ( )ဦးရှိသဖြင့် လူသားအရင်းအမြစ်ကောင်းဖြစ်ကာ လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီးဒေသစီးပွား ရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားဦးရေသည် အမျိုးသမီး ဦးရေထက်အနည်းငယ်များပါသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည်လယ်သမားများမှာစိုက်ပျိုးရေးဖြစ်ပြီးလယ်ယာမဲ့များမှာလယ်ကူလီနှင့် ကြုံရာကျပန်းလုပ်ကိုင်စားသောက်ရသဖြင့် တစ်ရွာလုံး၏ဝင်ငွေအနေအထားလျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သက်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၄၀)%သည်အလွန် ဆင်းရဲ၍ (၂၀)%သည် ဆင်းရဲအဆင့်အဖြစ်ခံယူကြပြီး (၁၀)%သည်ချမ်းသာသည့်အဆင့်၊ (၃၀)%သည် အလယ်အလတ်အဆင့်ရှိကြသည်ဟုသက်မှတ်ကြသည်။ ဥစ္စာဓနအဆင့်(၁)နှင့် အဆင့်(၂)တို့မှာကွာခြားခြင်းမရှိပါ။

ယင်းတို့အနက်ဆင်းရဲဆုံးအဆင့်ရှိသောအိမ်ထောင်စုသည်ကျေးရွာတွင်အများဆုံးဖြစ်ပြီး၊မြေယာအနည်းငယ်ပိုင်သောလယ်သမားများ၊လက်လုပ်လက်စား၊ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့်မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု အရေအတွက်မြင့် မားပြီး(၅၅)%ထိရှိကာဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိအိမ်ထောင်စုများဖြစ်ကြသည်။

## (ဂ)ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်း၊ နေ့စားလုပ်ငန်း၊ ကျပန်းလုပ်ငန်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှဆင်းရဲခြင်းနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏(၄၀)%ဖြစ်သော အိမ်ထောင်စုများကိုလေ့လာတွေ့ရှိစမ်းစစ်မှုအရယင်းတို့၏ ( )%မှာအချေးအငှား၊ လုပ်အားပြုလုပ်ရောင်းပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊(၃၀)%မှာသူတစ်ပါးထံမှချေးငှားစားသုံး၍ နပ်မှန်စားသုံးနိုင်ကြကြောင်းတွေ့ရှိရသည်။ ကျန်သော( )%မှာလည်းသူတပါးထံမှချေးငှားရယူခြင်းဖြင့်ထမင်းနပ်မှန်စားသုံးနိုင်ကြောင်းတွေ့ရှိရပါသည်။အကြွေးတင်ရှိမှုတွင်အိမ်ထောင်စုအားလုံးသည် အကြွေးငွေ(၁)သိန်းကျပ်မှ(၁၀)သိန်းကျပ်ထိတင်ရှိနေကြသည်။ ပုံမှန်ဝင်ငွေရအလုပ်အကိုင်များမရှိသဖြင့် ဆင်းရဲနွမ်းပါးမှုရှိကြပါသည်။

သည့်အမျိုးသားများထက် လုပ်အားလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာအလွန်လျော့နည်းလျက်ရှိသည်။ကျား–မတန်းတူညီမျှမှုနှင့်ပတ်သက်၍အသိပညာပေးခြင်းများဖြင့် တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား–မတန်းတူညီမျှမှုဖွံ့ဖြိုးတို့အတွက်ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်လူမှုရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့ရှိပြီးဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့ရှိသည်။ အမျိုးသား၊အမျိုးသမီးနှင့်လူမှုရေးကိစ္စများတွင်ပါဝင်ဆောင်ရွက်ကြသည်။ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့များသည် နှစ်စဉ်တန်ခူးလဆန်း(၁၂)ရက်နေ့မှ လပြည့်နေ့အထိထမ်းငြိမ်းစေတီတော်မြတ်ကြီး၏ဘုရားပွဲတော်ကိုစည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ အခါကြီးနေ့ကြီးရက်များတွင်လည်း ကဏ္ဍအလိုက်ဆောင်ရွက်မှုရှိသည်။အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုများပိုမိုကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်မိုးစပါးနှင့် ဆောင်းပဲသီးနှံ၊ ပဲတီစိမ်းကိုအဓိအားထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ကေ(၄၀၀)ကေရှိပြီး ကောက်ပဲသီးနှံအဖြစ်ပဲတီစိမ်း(၄၀၀)ကေစိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအတွက်နှုန်းမှာ(၁)ကေလျှင်(၅၅)တင်းထွက်ရှိပြီးပဲတီစိမ်း(၁)ကေပျမ်းမျှ(၁၃.၅)တင်းထွက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများမရရှိပါ။ စိုက်ပျိုးရေးကုမ္ပဏီ အချို့မှ တောင်သူများအတွက် စိုက်ပျိုးရေးနည်းနှင့်ပိုးမွှားရောဂါကျရောက်မှု၊ မြေဩဇာသုံးစွဲမှုနည်းပညာများလာရောက်ပို့ချမှုရှိသည်။ တောင်သူအများစုသည်လယ်ယာလုပ်ငန်းအတွက် အလုပ်သမားကိုငွေရမ်းရရှိနိုင်ကာ ကုန်ကျစရိတ်မြင့်မားသည်။ လယ်သမားအများစုမှာ အလုပ်သမားမလုံလောက်မှုပြဿနာကိုရင်ဆိုင်နေရပြီးလုပ်အားခပိုမိုပေးမှအလုပ်သမားကို ငှားရမ်းရရှိနိုင်ကာကုန်ကျစရိတ်မြင့်မားသည့်လယ်သမားအများစုမှာအလုပ်သမားရှားပါးမှုနှင့်လုပ်အားခမြင့်တက်မှုကိုကျော်လွှားနိုင်ရန်အတွက်စပါးစိုက်ပျိုးရာတွင် တိုက်ရိုက်မျိုးစေ့ချစနစ်က အသုံးပြုလာကြသည်။ တစ်ခါတစ်ရံတွင် တောင်သူများသည်မိုးရွာသွင်းမှုမညီမျှခြင်းကိုရင်ဆိုင်ရတတ်သည်။ပဲတီစိမ်းစိုက်ခင်းများတွင်ဖျက်ပိုးများကျရောက်မှုကို ပိုမိုတွေ့ရှိရပြီးယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကိုခံနိုင်ရည်ရှိကြသဖြင့် တောင်သူများအနေဖြင့်ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကိုလိုလားနေကြသည်။ ကျေးရွာဝက်မွေးသူ အိမ်ထောင်စုအရည်အတွက်မှာ တစ်ရွာလုံး၏(၂၀)အိမ်ထောင်စုမှာ ဒေသဝက်မျိုး

များကိုမွေးမြူကြသည်။ဒေသကြက်မွေးမြူသည့်အိမ်ထောင်စုအရည်အတွက်သည်(၄၆)အိမ်ထောင်စုမှာမွေးမြူကြသည်။ဝယ်လိုအားအလွန်ကောင်းသည်။ ရာသီအလိုက်ဖြစ်ပွားတတ် သောရောဂါများမှာ အထူးသဖြင့်ကြက်ဝမ်းကျရောဂါအဖြစ်များပြီးရ ဂါကြောင့်သေဆုံးပျက်စီးမှု များရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကိုမြို့နယ်တိမွေးကုရုံးမှရရှိနိုင်သော်လည်းဝန်ထမ်းမလုံလောက်မှုကြောင့်လွှမ်းမိုးဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။ နွားမွေးမြူသော အိမ်ထောင်စုအရည်အတွက်မှာ (၁၀)အိမ်ထောင်စုရှိသည့်ဒေသခံ နွားများကိုသာမွေးမြူကြသည်။ နွားများမှာရောဂါဖြစ်ပွားမှု အလွန်နည်းပါးသည်။မွေးမြူရေးလုပ်ငန်းများဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများကမွေးမြူရေးလုပ်ငန်းတည် ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေပံ့ပိုးမှု အလွယ်တကူမရရှိကြပေ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်၊ဆိုင်ကယ်ကယ်တီ၊ဈေးရောင်း၊ခေါင်းရွက်ဗျက်ထိုးနှင့်ကြုံရာကျပန်းလုပ်ငန်းတို့ဖြစ်ပါသည်။အခြားလုပ်ငန်းအများစုမှာရာသီဥတုနှင့်အမျိုးအစားအလိုက်တွက်ချေကိုက်မှုအနည်းအပါးမှအသင့်အတင့်ရှိသည်။လက်လုပ်လက်စားအလုပ်များမှာစိုက်ပျိုးရာသီများတွင်သာအလုပ်အကိုင်များပြီးကျန်အချိန်များတွင်အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့်တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီးထိုအခြေအနေမှာကျေးရွာ၏ အလားအလာကောင်းတရပ်ဖြစ်သည်။ မြို့ပေါ်တွင်အသက်မွေးဝမ်းကြောင်းသင်တန်းတချို့ကိုဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများရှိကြသည်။အပ်ချုပ်၊ဇာထိုး၊ ဆံပင်အလှပြင်၊မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်ရှော့နှင့်ယခုအခါရိတ်သိမ်းလှေ့စက်မောင်း၊ ဘတ်ဟိုးမောင်း မြေတူး စသည်တို့သည် အသက်မွေးဝမ်းကြောင်းသင်တန်းများဖြစ်ကြသော်လည်းရွာသူ/သားအများစုသည် အဆိုပါသင်တန်းများနှင့် အထိတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်းအနည်းငယ်နိမ့်ကျကြပြီးသင်တန်းစရိတ်အကုန်ကျခံရန်နှင့်လုပ်ငန်းထူထောင်ရန်လည်းမတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာအပ်ချုပ်၊စက်ပြင်သင်တန်း များသို့အခကြေးငွေအကုန်ကျခံကာပို့လွှတ်သင်ကြားကြသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် ဆောင်းသီးနှံနှင့်ပဲတီစိမ်းစိုက်ခင်းများတွင် ဖက်ပိုးရောဂါများကျရောက်ခြင်း၊ ပိုးသတ်ဆေး၊ဓာတုပိုးသတ်ဆေးများသုံးစွဲမှုများပြားလာသည်။အချိန်ကြာလျှင်မြေဆီလွှာပျက်စီးနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးပွားနိမ်နှင်းရေးနည်းပညာများနှင့်လက်တွေ့ကွင်းဆင်းအကောင်အထည်ဖော်ပေးနိုင်မှုရှိပါကပို၍အဆင်ပြေလိမ့်မည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း

ပလပ်စတစ်ဖူးခွံနှင့်ပုလင်းခွံများကိုစနစ်တကျမစွန့်ပစ်ကြသဖြင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိ ပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးဘဏ်မှချေးငွေကိုတစ်နှစ်အတိုးနှုန်းဖြင့် (၁)ဧက(၁၅၀၀၀၀) ကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧကအတွင်းသာ ချေးယူနိုင်ကြသည်။(၁၀)ဧက အထက်ရှိသော လယ်သမားများမှာငွေကြေးအခက်အခဲရှိသည်။ ပဲသီးနှံစိုက်ပျိုးရန်အတွက်ချေးငွေမှာ (၁)ဧကကျပ်(၁၅၀၀၀၀)ချေးသဖြင့်လုံလောက်မှုမရှိပါ။ စပါးပေါ်ချိန်တွင် လယ်ထွက်စပါးများကို ကျဈေးဖြင့် ရောင်းချရခြင်း၊ ငွေတိုးပေးသူအချို့ထံမှ အတိုးနှုန်းကြီးစွာဖြင့်ဓာတ်မြေဩဇာများကို ကုမ္ပဏီများမှအကြွေးစနစ်ဖြင့် ရောင်းချပေးသဖြင့်ဈေးကြီးပေးဝယ်ရသည်။ သက်ဆိုင်ရာအဖွဲ့အ စည်းများ၏ပံ့ပိုးကူညီမှုရရန် အထူးလိုအပ်ပါသည်။ ကျေးရွာသားအများစုသည်ချေးငွေကိုငွေတိုး ချေးသူများထံမှလည်းကောင်း၊ အကြွေးစနစ်ဖြင့် ဝယ်ယူရခြင်း၊မိတ်ဆွေမိသားစုများထံမှလည်း ကောင်း၊ အလုပ်သမားခေါင်းဆောင်များထံမှလုပ်အားကြိုတင်ရောင်း၍လည်းကောင်း၊ အကြောင်း အရင်းမျိုးစုံအတွက်ချေးယူကြပြီးအထူးသဖြင့်စားနပ်ရိက္ခာအတွက်ချေးယူရခြင်းဖြစ်ကြပြီးကျေးရွာတွ င်ချေးငွေလိုအပ်မှုများပြားကြောင်းလေ့လာတွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာအနီးရှိဖွဲထော်ကျေးရွာတွင်အထက်တန်းကျောင်းရှိပါသည်။အဆိုပါအထက်တန်း ကျောင်းသို့အနီးနားဝန်းကျင်ကျေးရွာများမှကျောင်းသားများလာရောက်သင်ကြားပညာဆည်းပူးကြ သည်။ အောင်ချက်ရာခိုင်နှုန်းလည်းကောင်းပါသည်။

ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။နာရီအနည်းငယ်အတွင်းရောက်နိုင် သောကုန်းခလာကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးခန်းရှိပါသည်။ ကျေးလက်ကျန်းမာရေး မှူးတစ်ဦး၊ သားဖွား ဆရာမ(၁)ဦးရှိပါသည်။ဆေးကုသမှုခံယူရန် အဆင်ပြေပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကိုအုတ်၊ ကွန်ကရစ်တို့ဖြင့်ဆောက်လုပ်ပြီး ကျန်သောအိမ်ထောင်စု များမှာ သစ်သား၊ ဝါးတို့ ဖြင့် ယင်လုံအိမ်သာကိုအ သုံးပြုကြသောကြောင့် ရေကြောင့်ဆက်စပ်ဖြစ် သောရောဂါဖြစ် ပွားမှုနည်းပါးသည်။ သောက်သုံးရေကို မိုးကုန်ရာသီမှအစပြု၍ အများသုံးသော ရေကန်(၂)ကန် ကိုအသုံးပြုကြသည်။ သောက်သုံးရေကန်(၂)ကန် အနက်(၁)ကန်မှာ နွေအခါတွင် ရေကြာရှည်မခံ သဖြင့်ထပ်မံတူးဖော်ရန်လိုအပ်သည်။တိုးချဲ့နိုင်ရန်လည်းမျှော်လင့်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| **ကလေး ပညာရေး ဖွံ့ဖြိုးရေး** | ၆။ ကျေးရွာ၏ပညာ တတ်မြောက်မှု တိုးတက် ရေး | ၇၀ | ၇ | • KGကျောင်းနှင့် ကလေးအားကစားကွင်း တည် ဆောက်ခြင်း။<br>• ဂါလံ (၂၀၀၀) ဆန့် မိုးရေလှောင်ကန် တည်ဆောက်ခြင်းနှင့် ရေသန့် စက်များ တပ်ဆင်ပေးခြင်း။<br>• ယင်လုံအိမ်သာနှင့်ကျောင်းခြံစည်းရိုးကာရံခြင်း<br>• ကျောင်းသုံးပရိဘောဂဝယ်ယူခြင်း | • |
| ***ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး*** | | | | | |
| **သောက်သုံးရေ လုံလောက်စွာ ရရှိရေး** | ၈။ ကျေးရွာ၏ သောက်သုံးရေ ကိစ္စ အဆင်ပြေ စေရေး။ | ၉၀ | ၃ | • ၄ လက်မ စက်ရေတွင်း တူးဖော်ခြင်း။<br>• ရွာလူထုထံမှ ပူးပေါင်းပါဝင်မှု ရယူခြင်း။<br>• ပုဂ္ဂလိကအလှူရှင် ကျေးလက်ဒေသဖွံ့ ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ | • ကျေးလက်/ ဦးစီး |
| **လမ်း၊ တံတား ကောင်းမွန် လာစေရေး လျှပ်စစ်ရရှိရေး** | ၉။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက် လာစေရေး<br>၁၀။မဟာဓာတ်အားလိုင်းမှ လျှပ်စစ်သွယ်ယူရေး | ၁၀၀ | ၁ | • သခွတ်စု-ဘုရားပျိုလမ်းအားပြုပြင်ခြင်းနှင့်ရွာတွင်းလမ်း များကွန်ကရစ်လမ်း ခင်းခြင်း<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း<br>• ၁/၂မိုင်ဝေးကွာသော ဘုရားပျိုကျေးရွာမှလျှပ်စစ်မီးသွယ်ယူခြင်း | • ကျေးလက်/ ဦးစီး |

